မတ်လ 20 ရက်၊ 2025

## St. Louis တွင် ကျင်းပသည့် နိုင်ငံတော် ရုပ်ရှင်ပွဲတော်တွင် အထင်ကြီးလေးစားဖွယ်သော ဆုများကို အနိုင်ရရှိခဲ့ပြီး၊ လင်းလက်တောက်ပခဲ့သည့် Cedar Grove မူလတန်းကျောင်းနှင့် Tucker High အထက်တန်းကျောင်း

DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) ၏ စာသင်ကျောင်း နှစ်ကျောင်းသည် St. Louis ၊ Missouri တွင် ဆောင်ရွက်သည့် နှစ်စဉ် APBS ကွန်ဖရန့်ဆွေးနွေးပွဲအတောအတွင်း မတ်လ 14 ရက်တွင် ကျင်းပခဲ့သော အပြုသဘောဆောင်သည့် အမူအကျင့်များ ပံ့ပိုးထောက်ပံ့မှု အစည်းအရုံး (*APBS*) ၏ ရုပ်ရှင်ပွဲတော်တွင် အဓိကကျသော ဆုများကို အနိုင်ရရှိခဲ့သည်။ ဤသည်မှာCedar Grove မူလတန်းကျောင်း သည် "*စာသင်ကျောင်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု - မူလတန်းအဆင့်*" အမျိုးအစားတွင် အနိုင်ရရှိခဲ့ပြီး၊ Tucker High အထက်တန်းကျောင်း မှာမူ "*သင်ကြားပို့ချမှု - အထက်တန်းကျောင်းအဆင့်*" အမျိုးအစားတွင် အနိုင်ရရှိခဲ့သောကြောင့်ဌာ ဤအသိအမှတ်ပြုမှုများကို ရရှိခဲ့ခြင်း ဖြစ်သည်။ APBS ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသူများထံမှ မဲပေးဆုံးဖြတ်မှုအားဖြင့် ဤအနိုင်ရရှိမှု နှစ်မျိုးစလုံးကို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

APBS ရုပ်ရှင်ပွဲတော်သည် စင်စစ် ရုပ်ရှင်မှတစ်ဆင့် အပြုသဘောဆောင်သော အမူအကျင့်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများနှင့် ပံ့ပိုးမှုများ (*PBIS*) ကို မြှင့်တင်ရာတွင် စာသင်ကျောင်းများနှင့် အဖွဲ့အစည်းများတို့၏ အားထုတ်မှုများကို ပြသ၍ ဂုဏ်ပြုချီးမြှင့်ခြင်းပင် ဖြစ်ပြီး၊ ၎င်းသည် အဓိကအားဖြင့် ကျောင်းသားများ၏ အသက်တာနှင့် ညှိနှိုင်းပါဝင်ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ဤအစပြုဆောင်ရွက်ချက်များ၏ အပြုသဘော သက်ရောက်မှုများအပေါ် အဓိကအာရုံပြုဆောင်ရွက်ထားခြင်း ဖြစ်သည်။ ဤနှစ်၏ အဓိကနောက်ခံအကြောင်းအရာမှာ "*ဆက်ဆံရေးများနှင့် အပြုသဘောဆောင်မှုအား ဆက်သွယ်ပေါင်းကူးပေးခြင်း*" ပင် ဖြစ်သည်။ ကျောင်းသားများသည် PBIS ၏ ပင်မကျောရိုး မူစည်းမျဉ်းများအား ဤရုပ်ရှင် အမျိုးအစား နှစ်ခုဖြစ်သည့် — သင်ကြားပို့ချမှု နှင့် စာသင်ကျောင်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှုတို့ထဲမှ ရုပ်ရှင်များတွင် ထည့်သွင်းပြသ၍ ဖန်တီးပေးရမည် ဖြစ်သည်။

Cedar Grove မူလတန်းကျောင်း၏ ရုပ်ရှင်သည် စာသင်ကျောင်း၏ *S.A.I.N.T.s Paradise (ပရဒိသုဘုံ)* ကနဦးအစပြုဆောင်ရွက်မှုကို ပြသထားပြီး၊ ၎င်းသည် ကျောင်းသားများအား *ပံ့ပိုးထောက်ပံ့မှုရှိစေရန် (Supportive)၊ တက်ကြွလှုပ်ရှားမှုရှိစေရန် (Active)၊ အမှီအခိုကင်းလွတ်လပ်မှုရှိစေရန် (Independent)၊ တော်ဝင်မြင့်မြတ်မှုရှိစေရန် (Noble)* နှင့် *ယုံကြည်အားကိုးရသူဖြစ်စေရန် (Trustworthy) (SAINT)* တိုက်တွန်းအားပေးထားသည်။ အဆိုပါ "Super Saint" တစ်ဦး၏ အရည်အချင်းများ ရှိသော ကျောင်းသားများသည် ဂိမ်းများနှင့် လှုပ်ရှားဆောင်ရွက်မှုများဖြင့် ပြည့်နှက်နေသည့် အခန်းတစ်ခန်းဖြစ်သော "Saints Paradise" အခန်းထဲတွင် အချိန်ကုန်ဆုံးခွင့် ရရှိ၍ သက်တောင့်သက်သာ အနားယူကာ မိမိ၏ သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်ဖွယ်ရာအချိန်အား ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

Tucker High အထက်တန်းကျောင်း၏ ရုပ်ရှင်မှာမူ စာသင်ကျောင်း၏ အမူအကျင့်များနှင့်ပတ်သက်၍ မျှော်လင့်ချက်များ၊ အထူးသဖြင့် ကန်တင်းစားသောက်ဆိုင်အတွင်း အမူအကျင့်အပိုင်း မျှော်လင့်ချက်များကို အထူးပြသထားသည်။ စာသင်ကျောင်းသည် ၎င်း၏ ဤမျှော်လင့်ချက်များအား ကျောင်းသားများထံ အချက်အလက်ပေးသိဖို့ဌာ ၎င်း၏ လာဘ်ကောင်ဖြစ်သော Tiger (ကျားရုပ်)ကို အသုံးပြုထားသည် - *အချိန်တိကျမှန်ကန်မှု (Timeliness)၊ ရိုးသားစစ်မှန်မှု (Integrity)၊ လုံခြုံအန္တရာယ်ကင်းမှု (Safety)၊ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု (Engagement)*၊ နှင့် *အပြန်အလှန်လေးစားသမှုထားရှိမှု (Respect)*။

DCSD ၊Division of Wrap Around Services (အလုံးစုံသော ဝန်ဆောင်မှုများဆိုင်ရာ ဌာနခွဲ)၊ နှင့် ကျောင်းသား ဆက်ဆံရေးများဆိုင်ရာ PBIS အဖွဲ့ တို့သည် ဤအရည်အချင်းရှိသော ရုပ်ရှင်ဖန်တီးသူ လူငယ်လေးများအား ၎င်းတို့၏ ထူးချွန်သော အောင်မြင်မှုများအတွက်ဌာ ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

ဤလင့်ခ်များအား ကလစ်နှိပ်၍ အနိုင်ရရှိခဲ့သော ရုပ်ရှင် နှစ်ကားစလုံးအား ကြည့်ရှုရန် -

- Cedar Grove မူလတန်းကျောင်း
- Tucker အထက်တန်းကျောင်း

XXX